## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့(၂၇.၂.၂၀၁၂)ရက်နေ့တွင် တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းထွန်းလွင် တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ယခုခေတ်အခါတွင် တောရောမြို့ပါ ထော်လာဂျီယာဉ် အကြီး၊ အလတ်၊ အသေးပါ တွင်တွင်ကျယ်ကျယ် မောင်းနှင်လာသောကြောင့် ထော်လာဂျီ အကြီး၊ အလတ်၊ အသေး မောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်သည့် ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းနှင်ခွင့်ပြုရန်၊ မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီ အကြီး၊ အလတ်၊ အသေးယာဉ်များကို ရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့်မပြုရန် စည်းကမ်းဥပဒေများကို သတ်မှတ်ပေးရန်"အဆိုကို လွှတ်တော်သို့ ပေးပို့လာပါတယ်။ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းထွန်းလွင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းထွန်းလွင်(တန့်ယန်းမဲဆန္ဒနယ်အမှတ်-၂)။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့ခင်ဗျား။ ကျွန်တော်ကတော့ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းထွန်းလွင် ဖြစ်ပါတယ်။ ကျွန်တော် အဆိုပြုတင်ပြမှာကတော့ "ယခုခေတ်အခါတွင် တောရောမြို့ပါ ထော်လာဂျီယာဉ်အကြီး၊ အလတ်၊ အသေးပါ တွင်တွင်ကျယ်ကျယ်မောင်းနှင်လာသောကြောင့် ထော်လာဂျီ အကြီး၊ အလတ်၊ အသေး မောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်သည့် ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းခွင့်ပြုရန်၊ မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီအကြီး၊ အလတ်၊ အသေးယာဉ်များကို ရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့်မပြုရန် စည်းကမ်းဥပဒေများကို သတ်မှတ်ပေးရန်" အဆိုကို တင်သွင်းခြင်းဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါမည်။ ဒီအဆိုကို တစ်ယောက်က ထောက်ခံပေးဖို့ ဖြစ်ပါတယ်။ ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်အမှတ်-၂)။ ဦးစိုင်းထွန်းထွန်းလွင်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးဖို့ ကျွန်မ ဒေါ်နန်းခမ်းအေးက တင်သွင်းပါတယ်ရှင်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဦးစိုင်းထွန်းထွန်းလွင် တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။အဆိုမှာ " ယခုခတ်အခါတွင် တောရော၊ မြို့ပါ ထော်လာဂျီယာဉ် အကြီး၊အလတ်၊ အသေးပါတွင်တွင်ကျယ်ကျယ် မောင်းလာသောကြောင့် ထော်လာဂျီအကြီး၊ အလတ်၊ အသေးမောင်းနှင်ရာတွင် ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်း၊ နားလည်သည့် ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းခွင့်ပြုရန်၊ မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ် သော ထော်လာဂျီအကြီး၊ အလတ်၊ အသေးယာဉ်များကိုရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့်မပြုရန်

စည်းကမ်းဥပဒေများကို သတ်မှတ်ပေးရန်" ဖြစ်ပါတယ်။ အဆိုကိုလက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ဆန္ဒကို ရယူပါမယ်။ အဆိုကိုလက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက -

"သဘောတူပါသလားခင်ဗျား"

**[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။ မရှိသည့်အတွက် ဦးစိုင်းထွန်းထွန်းလွင်၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။[**သြဘာသံများ** ]

## ကြားဖြတ်ဆွေးနွေးချက်

ဦးအောင်ကျော်ညွန့်(ရပ်စောက်မဲဆန္ဒနယ်အမှတ်-၁)။ ကျွန်တော်ကတော့ အနည်းငယ် ဆွေးနွေးချင်ပါတယ်။ ဒီထော်လာဂျီကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ သင့်/မသင့်ဆိုတာထက် သင့်တာကတော့ ကျွန်တော်တို့ရဲ့ မြို့ပေါ်မှာဆိုရင်တော့ ဒီကိစ္စမျိုးဟာသင့်ပေမဲ့ ကျွန်တော်တို့ ပြည်နယ်ရဲ့အနေအထားဟာဆိုရင် ရှမ်းပြည်နယ်ရဲ့ အနေအထားဟာတောမှာ ထော်လာဂျီပဲ ရှိပါတယ်ခင်ဗျာ။ ထိုနည်းလည်းကောင်းပဲ မိုးတွင်းဆိုရင် ဒီထော်လာဂျီနဲ့ပဲ ဒီရွာရဲ့တိုးတက်ရေး လုပ်ငန်းတွေကို လုပ်ကိုင်ရတာဖြစ်တဲ့အတွက် ဒီဥပဒေပြဋ္ဌာန်းရာမှာ(၂)ချက်အနေနဲ့ ပြဋ္ဌာန်းသင့်ပါတယ်။ မြို့ပေါ်အတွက်ကတော့ သင့်ပြီးတော့၊ တောအတွက်မသင့်ကြောင်း ကျွန်တော့်အနေနဲ့ ဆွေးနွေးချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အမှန်ကတော့ ဆွေးနွေးဖို့ ကျွန်တော်တို့ ဒါရက်သတ်မှတ်မှာ ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောတူ/ မတူဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

**အဆိုကို ပြည်နယ် လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**(သို့မဟုတ်)**

**အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းထွန်းထွန်းလွင်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ [ သြဘာသံများ ]

ဥက္ကဋ္ဌ ။ ဦးစိုင်းထွန်းထွန်းလွင် တင်သွင်းသော အဆိုကို ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါမှာ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးကြဖို့ဖြစ်ပါတယ်။ အဆိုကို ဖေဖော်ဝါရီလ (၂၈)ရက်၊ (အင်္ဂါနေ့)မှာ ဆွေးနွေးပါမယ်။

## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့(၂၈.၂.၂၀၁၂) ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစိုင်းထွန်းထွန်းလွင်၏ ပထမအဆိုကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးဖို့ စာရင်းပေးသွင်းထားပါတယ်။

ပထမဦးစွာ အဆိုကို ဆွေးနွေးဖို့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးကို ဖိတ်ခေါ်ပါတယ်။

ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ကြွရောက်လာကြသော လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အခါသမယ ဖြစ်ပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နန်းခမ်းအေး ဖြစ်ပါတယ်ရှင်။

ဦးထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ "ယခုခေတ်အခါတွင် တောရောမြို့ပါ ထော်လာဂျီယာဉ်အကြီး၊ အလတ်၊ အသေးမောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်သည့် ယာဉ်မောင်းလိုင်စင် ရှိသူများသာ မောင်းခွင့်ပြုရန်၊ မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီအကြီး၊ အလတ်၊ အသေးယာဉ်များကို ရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့်မပြုရန်၊ စည်းကမ်းဥပဒေများကို သတ်မှတ်ပေးရန်"အဆိုကို ဖြည့်စွက်ဆွေးနွေးမှာ ဖြစ်ပါတယ်။

မှန်ပါတယ်။ယခုခေတ်အခါတွင် တောရောမြို့ပါထော်လာဂျီများကို တွင်တွင်ကျယ်ကျယ်မောင်းနှင်အသုံးပြုလာနေကြပါတယ်။ မနေ့က(၂၇-၂-၂၀၁၂) တွင် ကိုယ်စားလှယ်များ၏ အတည်ပြုချက်ရယူပြီးမှတ်တမ်းတင်ခဲ့သော ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၂၀၁၁-၂၀၁၂)ခုနှစ် ဒေသန္တစီမံကိန်းဥပဒေ၏ ဦးတည်းချက်ကို လက်တွေ့ဖော်ဆောင်ရန်မှာ ထော်လာဂျီများသည် ရှမ်းပြည်နယ်အတွက် မရှိမဖြစ် လိုအပ်နေပါသည်။

တောရောမြို့ပါ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်စားသောက်နေပါသော ပြည်သူလူထုသည် လုည်းအစားထော်လာဂျီကို အသုံးပြုလာတာကို ကြည့်ခြင်းအားဖြင့် တိုးတက်လာသည်ဟု အမြင်ရှိနိုင်

ပါသည်။ သို့သော် တောင်သူလယ်သမား အများစုသည် ကျွဲ၊ နွား ထိန်းကျောင်းရန်အတွက် စားကျက်မြေ မရှိသလောက် ဖြစ်နေခြင်း၊ စိုက်ပျိုးလုပ်ကိုင်ရန်အတွက် ရွာနှင့်နီးသောမြေများမှာ စီးပွားရေးလုပ်ငန်းရှင်များ (အထူးသဖြင့်) ရော်ဘာလုပ်ငန်းရှင်များကို ပေးလိုက်ရပါသဖြင့် ရွာနှင့် အင်မတန်ဝေးကွာလှသော မြေနေရာများသို့ သွားရောက်လုပ်ကိုင်နေရခြင်း တို့ကြောင့် ကျွဲ၊ နွားများကို ရောင်းပြီး မရှိမဲ့၊ ရှိမဲ့ငွေကြေးလေးဖြင့် ထော်လာဂျီ ဝယ်သုံးကြရခြင်းဖြစ်ပါသည်။

မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ယာဉ်များသည် နဂိုမူလအင်ဂျင်ကြောင့်သော်လည်းကောင်း၊ စက်ချို့ယွင်းခြင်းကြောင့်သော်လည်းကောင်း၊ အိတ်စောပျက်စီးကြောင့်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ မည်သူမဆို ဆူညံသံလုံးဝမရှိဘဲ ညင်သာညက်ပြောသော စက်တပ်ယာဉ်များကိုသာ အသုံးပြုလိုကြပါသည်။ သို့သော်ကျွန်မတို့နိုင်ငံသည် စက်မှုထွန်းကားသည့်နိုင်ငံ မဟုတ်သည့်အတွက် ၎င်းယာဉ်အမျိုးအစားများကို မထုတ်လုပ်နိုင်သေးသလို၊ ၎င်းယာဉ်များ သွားလာနိုင်ရန်အတွက် လမ်းများသည် ပြုပြင်ပေးနိုင်ခြင်း မရှိပါဘူး။ တရုတ်နိုင်ငံကဲ့သို့ စက်မှုထုတ်လုပ်သော နိုင်ငံများအတွင်းမှာပင် ထော်လာဂျီများကို အသုံးပြုနေတာကို တွေ့ရှိကြရမှာဖြစ်ပါသည်။ စက်ဆိုတာ ဘယ်အချိန်မှာ ချို့ယွင်းပျက်စီးမယ်ဆိုတာ ပုံသေမပြောနိုင်ပါဘူး။ အကောင်းတိုင်း မောင်းနှင်ရာပြီးတော့မှ ချက်ချင်းဆူညံပြီး ပွင့်ထွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်မရဲ့အိမ်မှာ ဝပ်ရှော့၊ အထူးသဖြင့် ထော်လာဂျီပြုပြင်ရေးလုပ်ငန်းနှင့် ထော်လာဂျီအပိုပစ္စည်းအရောင်းဆိုင်ဖွင့်လှစ်ထားပါသဖြင့် ပြည်သူလူထုအထူးသဖြင့် ထော်လာဂျီမောင်းသူများ၏ ဘဝကို ပိုပြီးသိရှိရပါသည်။ ထော်လာဂျီ တစ်စီးလုံးပိုင်ထားပြီး အိတ်စောမတပ်ရကောင်းလားလို့ သူတို့ကိုအပြစ်တင်မိတဲ့အခါမှာ ၎င်းတို့က “ကျွန်တော်တို့ တစ်ခေါက်ပြေးရင် ဟိုကြေးဒီကြေးနုတ်နဲ့ ဘာမှမကျန်လို့ ဝယ်မတပ်ရသေးပါဘူး၊ ဒီတစ်ခေါက်ခြံထွက် သီးနှံရောင်းပြီးမှဘဲ၊ ဝယ်တပ်နိုင်တော့မယ်”လို့ဖြေပါတယ်။ ဖြစ်နိုင်ပါတယ်။ အိတ်စော တစ်ခုတပ်နိုင်ဖို့ရန် အိတ်စောနတ်၊ အိတ်စောဝါရှာ၊ အိတ်စောပိုက်ဂေါက်နှင့် အိတ်စော စုစုပေါင်း (၁၀၀၀၀ိ/-)ကျပ်အထက်မှာ ရှိနေပါတယ်။ အဲ့ဒီလို ဆူညံသံအိတ်စောမတပ်လို့ ဆူညံသံထွက်နေတဲ့ စက်တွေကို သတိပေးဆောင်ရွက်မှုလေးတော့ လုပ်ပေးစေလိုပါတယ်။

လယ်ယာကဏ္ဍ၊ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်မှာ သယ်ယူပို့ဆောင်ရေးသည် အလွန်အရေးကြီးလှပါတယ်။ သီးနှံများနှင့်သစ်တောထွက် ပစ္စည်းများကို ရွာအရောက်သယ်ယူပို့ဆောင်ရန်နှင့် စီးပွားရေးဈေးကွက်သို့ အချိန်မှီတင်ပို့နိုင်ရန်၊ ကုန်သွယ်စီးဆင်းမှု အဆင်ပြေရန်မှာ မိမိတို့ရှမ်းပြည်နယ်အနေဖြင့် ထော်လာဂျီသည် တောရောမြို့ပါမရှိမဖြစ် လိုအပ်လာပါသည်။ သို့သော်မြို့များတွင် ထော်လာဂျီများ စနစ်တကျဝင်ထွက်သွားလာနိုင်ရန်အတွက် လမ်းများ သတ်မှတ်ပေးဖို့ အထူးလိုအပ်ပါတယ်။

ထော်လာဂျီမောင်းနှင်ရာတွင် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနားလည်သည့် ယာဉ်မောင်းလိုင်စင်ရှိသူများကိုသာ မောင်းနှင်ခွင့်ပြုရန်နှင့် ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များကို သက်သာတဲ့နှုန်းထားနှင့် မနှေးအမြန်လုပ်ကိုင်ပေးသည့် ပါတယ်။ လမ်းစည်းကမ်းနှင့် ယာဉ်စည်းကမ်းများကို ပြည်သူများ ပိုမိုသိရှိနားလည်ရန် သက်ဆိုင်ရာမှ မကြာခဏကွင်းဆင်းပညာပေးဆောင်ရွက်ရန်လည်း အထူးလိုအပ်လာပါသည်။ ထော်လာဂျီလိုင်စင်ဆောင်ရွက်မယ်ဆိုရင် မြင်းကောင်ရေပေါ်မူတည်၍ ကိုယ်တိုင်လာရောက်ထမ်းဆောင်ရွက်မယ်ဆိုရင် သက်သာတော့ နှုန်းထားဖြင့် အခွန်ပေးဆောင်ပြီး၊ ကညနကဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဒီကနေ့မနက်မှာ ဘဏ္ဍာနဲ့ အခွန်ဝန်ကြီး ဦးခွန်သိန်းမောင်ကပြောကြားချက်အရ သိရှိရပါတယ်။

(၂၀-၇-၂၀၁၁) ရက်စွဲပါအကောက်ခွန်ဦးစီးဌာနရုံးချုပ်ရဲ့ ညွှန်ကြားလွှာအမှတ်၊ ၁၇/၂၀၁၁ မှာ ထော်လာဂျီများအတွက် ကောက်ခံရမယ့် တန်ဖိုးသတ်မှတ်ခြင်းမှာ ကြည့်လိုက်မယ်ဆိုလို့ရှိရင် (၁၂)မြင်းကောင်ရေအားအတွက် အခွန်မှာ (၃)သောင်းမျှသာ ဖြစ်သော်လည်းဘဲ ကုန်သွယ်ခွန်မှာ (၂)သိန်းနဲ့ (၆)သောင်းဖြစ်နေတာကို တွေ့ ရှိရပါတယ်။ ဩော် . . . သည်းခံပါရှင်။ (၂) သိန်းနဲ့ (၆)ခြောက်ထောင်ပါ။ အဲ့ဒါကြောင့် ကျသင့်ခွန်စုစုပေါင်းမှ လာရောက်ဖမ်းဆီးမယ်ဆိုလို့ရှိရင် နှစ်သိန်းကိုးသောင်းရှစ်ထောင်ငါးရာရှိတာကို တွေ့ရှိ ရပါတယ်။ (၃၀)အင်ဂျင်နဲ့ အထက်မှာဆိုလို့ရှိရင် အကောက်ခွန်ဟာ တစ်သိန်းခြောက်သောင်းငါးထောင်သာဖြစ်သော်လည်းဘဲ ကုန်သွယ်ခွန်မှာ တစ်ဆယ့်တစ်သိန်း သုံးသောင်းသုံးထောင်ဖြစ်နေတာကို တွေ့ရှိရပြီး၊ စုစုပေါင်းလိုင်စင်ရဖို့မှာ ဆယ့်ခြောက်သိန်းလေးသောင်းတစ်ထောင်ခုနစ်ရာငါးဆယ် ရှိတာကို တွေ့ရှိရပါတယ်။ ဒါကို ကြည့်ချင်းအားဖြင့် ကျွန်မတို့နိုင်ငံဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လုပ်ဆောင်နေတာတွေဟာ တစ်ကယ်ရောဟုတ်ပါရဲ့လားလို့ သံသယဝင်စရာတွေ့ ရှိရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီထော်လာဂျီတွေဟာ မရှိမဲ့ ရှိမဲ့နဲ့ဝယ်ထားရတဲ့ ဇိမ်ခံသုံးပစ္စည်းမဟုတ်ပဲနဲ့ ကျေးလက်ဒေသ စိုက်ပျိုးရေးအတွက် အသုံးပြုနေရတဲ့အတွက်သာ ကုန်သွယ်ခွန်တွေကို ဒီလိုအဆမတန်ကောက်ခံနေခြင်းဟာ ပြည်သူတွေကို ဝန်ထုပ်ဝန်ပိုး ဖြစ်စေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့နိုင်ငံအနေနဲ့ ကျွန်မတို့ ပြည်နယ်အနေနဲ့ ပွင့်လင်းမြင်သာတဲ့ အကောက်ခွန်နှုန်းများဖြစ်အောင် ကုန်သွယ်ခွန်ကို လျှော့ပေါ့ပြီးတော့ ထော်လာဂျီကို လိုင်စင်မရှိသေးတဲ့ ထော်လာဂျီများကို မနှေးအမြန် လုပ်ဆောင်ပေးဖို့ တောင်းဆိုအပ်ပါတယ်။ အဆိုရှင် ဦးထွန်းထွန်းလွင်၏ မိမိတို့ရှမ်းပြည်နယ်ဆူညည်သံကင်းမဲ့ပြီး ဖွံ့ဖြိုးတိုးတက်ဖို့ စေတနာကိုလည်း အလွန်အသိအမှတ်ပြုလေးစားမိပါတယ်။

ဒါပေမယ့် ကျွန်မတင်ပြပြီး ဖြစ်တဲ့အတိုင်း ကျွန်မတို့ ရှမ်းပြည်နယ်အနေနဲ့ ဒီထော်လာဂျီဟာ မရှိမဖြစ်လိုအပ်နေတဲ့အတွက်ကြောင့် ဦးထွန်းထွန်းလွင်ရဲ့ မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံအလွန် ကျယ်သော ထော်လာဂျီ အကြီး၊ အလတ်၊ အသေးယာဉ်များအား ရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့် မပြုရန် စည်းကမ်းသတ်မှတ်ပေးရန်ဆိုသော အဆိုကို ထောက်ခံခြင်းမပြုဘဲနဲ့ ဖြည့်စွက်ဆွေးနွေးရခြင်း ဖြစ်ပါတယ်ရှင်။ အားလုံးကိုလေးစားပါတယ်ရှင်။သြဘာသံများ

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဒီအဆိုကို ဆွေးနွေးဖို့ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်ကို ဖိတ်ခေါ်ပါတယ်။

ဦးအောင်ကျော်ညွန့်(ရပ်စောက်မဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ရပ်စောက်မဲဆန္ဒနယ်၊ အမှတ် (၁)မှ ဦးအောင်ကျော်ညွန့် ဖြစ်ပါတယ်။

ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ တင်ပြထားသော အဆိုကို ကျွန်တော်ပြန်လည်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ပထမမှာ မည်သည့်စက်တပ်ယာဉ်မဆို မောင်းနှင်သူသည် တောရော၊ မြို့ပါလိုင်စင်ရှိမှ မောင်းရမည်ဆိုသည့် ဥပဒေများကို ကုန်းလမ်းပို့ဆောင်ရေး ကညနမှ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယာဉ်မောင်းလိုင်စင်မပါဘဲ မောင်းနှင်ပါက မောင်းသူတာလျှင် ခံရမည်ဖြစ်ပါကြောင်း ဆွေးနွေးလိုပါတယ်။

ဆက်လက်၍ မီးခိုးထွက်များသော ယာဉ်များဟုဆိုရာ၌ ယခုအခါတွင် နိုင်ငံတော်မှနေ၍ သဘာဝ ပတ်ဝန်းကျင်တွင် လေထုညစ်ညမ်းမှုကို ထိန်းသိမ်းသည့်အနေဖြင့် ယာဉ်များမှထွက်သော မီးခိုးများ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့များကို လျှော့ချသည့် လုပ်ငန်းစီမံချက်များကို ပြည်သူလူထုများလည်း ထိခိုက်နှစ်နာမှု မရှိစေဘဲ ပြုလုပ်ပေးလျက်ရှိပါတယ်။ ပြုလုပ်ပေးရာတွင်လည်း မှန်ကန်၍ အခြေခံ ကျသော ယာဉ်အို၊ ယာဉ်ဟောင်းများကို အသစ်လဲလှယ်ပေးလျှက်ရှိရာ ယခုအခါတွင် “ဒ”အက္ခရာအထိ ကားများကို အသစ်များဖြင့် လဲလှယ်ပေးလျှက်ရှိပါတယ်။ ဆက်လက်၍ ကျွန်တော်တို့ရှမ်းပြည်နယ်တွင် ဖွံ့ဖြိုးဆဲပြည်နယ်တစ်ခုသာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးကို အခြေခံအသက်မွေးရသော တိုင်းရင်းသား ပြည်သူလူထုများ အများအပြားနေထိုင်ရာ ဒေသတစ်ခုဖြစ်ပါတယ်။

ထို့အတူဘဲ လမ်းပန်းဆက်သွယ်ရေးကို တင်ပြရလျှင် ပြည်ထောင်စုလမ်းမကြီးသာလျှင် ကတ္တရာ လမ်းအဆင့်ရှိ၍ ကျန်သောလမ်းများမှာ ကျောက်လမ်း၊ မြေလမ်း၊ တောင်တက်၊ တောင်ဆင်း အင်မတန်ခက်ခဲပြီး၊ မိုးရာသီသွားလာရာတွင် အင်မတန်မှ ခက်ခဲသောလမ်းများ ဖြစ်ပါတယ်။ အဆိုပါ ခက်ခဲသောလမ်းများကို သွားနိုင်တက်နိုင်သောယာဉ်မှာ တစ်လုံးထိုးထော်လာဂျီသာ ဖြစ်ပါတယ်။

ထိုစက်များသည် နွေ၊ မိုး၊ ဆောင်းမရွေး အကြမ်းခံပါတယ်။ အထူးသဖြင့် အဆိုပါ ခရီးများကဲသို့ တောင်ပေါ်ဒေသတွင် နေထိုင်သော ပလောင်တိုင်းရင်းသားများ လူနေမှုဘဝတွင် ထော်လာဂျီမရှိ၍ မဖြစ်ဘဲ အဆိုပါ ထော်လာဂျီများဖြင့် ပညာရေး၊ ကျန်းမာရေးများအတွက် သယ်ယူပို့ဆောင်ရာတွင် အသုံးပြုရပါတယ်။ ထွက်ရှိလာသော သီးနှံများကိုလည်း မြို့သို့ပို့ဆောင်ရာတွင် အသုံးဝင်သော စက်ဖြစ်ပါတယ်။

ထို့အတူ ထော်လာဂျီများ၏ သဘောသဘာဝကိုလည်း ရှင်းပြလိုပါတယ်။ ထော်လာဂျီစက်အင်ဂျင်သည် တစ်လုံးထိုးအင်ဂျင်ဖြစ်၍ စက်အပူရှိန်မြင့်ပါက စက်သည် မကြာမီ ပျက်စီးသွားနိုင်တာဖြစ်လို့၊ သို့ဖြစ်ပါ၍ အဆိုပါစက်များတွင် အသံတိတ်ကရိယာအိတ်ဇောမပါရှိဘဲ ဖွင့်၍မောင်းရတဲ့အတွက် အသံထွက်ရခြင်းဘဲဖြစ်ပါတယ်။ အသံထွက်မှ မီးခိုးအနည်းငယ်ထွက်မှ အင်ဂျင်ဆွဲအားကောင်းပြီးတော့ တောလမ်းမှာ မောင်းနှင်ရတာဖြစ်ပါတယ်။ ထိုနည်းလည်းကောင်းဘဲ ထော်လာဂျီဟာဆိုရင် အင်မတန်မှ ဗိုက်ဘရေးရှင်းဆိုတဲ့ တုန်ခါနှုန်းရှိတဲ့အတွက် ကျွန်တော်တို့ မြို့ပေါ်မှာ တိတ်ပြီးတော့ မမောင်းလိုပါဘူး။ အသက်ကျန်းမာရေး ထိခိုက်တာဖြစ်တဲ့အတွက် ဈေးနှုန်းသက်တာတဲ့ ထော်လာဂျီရဲ့ သဘောသဘာဝရှိတဲ့အတွက် ဝယ်ယူနိုင်တဲ့ တောသူတောင်သားများသည် မရှိမဖြစ် လတ်တလောအနေဖြင့် မောင်းနှင်းအသုံးပြုနေရအုံးမှာဘဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း ကျေးရွာများသို့ ထော်လာဂျီများကိုသာ အားကိုးအသုံးပြုနေရ၍ လွှတ်တော်အနေနှင့် တင်ပြပါအဆိုရှင် ပြန်လည်စဉ်းစားဆုံးဖြတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ [ ဩဘာသံများ ]

ဥက္ကဋ္ဌ။ ဆက်လက်၍ ၎င်းအဆိုကို ဆွေးနွေးဖို့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်ဦး ကို ဖိတ်ခေါ်ပါတယ်။

ဦးဇော်ဦး(နမ္မတူမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါတော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သ ပြောကြားအပ်ပါတယ်။ ကျွန်တော်ကတော့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမည့် အကြောင်းအရာကတော့ -

ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ “ယခုခေတ်အခါတွင် တောရောမြို့ပါ ထော်လာဂျီယာဉ်အကြီး၊ အလတ်၊ အသေးပါ တွင်တွင်ကျယ်ကျယ်မောင်းလာသောကြောင့် ထော်လာဂျီ အကြီး၊ အလတ်၊ အသေးမောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်သည့် ယာဉ်မောင်း လိုင်စင်ရှိသူများသာ မောင်းခွင့်ပြုရန်၊ မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံ အလွန်ကျယ်

သော ထော်လာဂျီ အကြီး၊ အလတ်၊ အသေးယာဉ်များကို ရှမ်းပြည်နယ်များအတွင်း မောင်းနှင်ခွင့်ပြု မပြုရန် စည်းကမ်းဥပဒေများကို သတ်မှတ်ပေးရန်” အဆိုကို ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ(၁၆) သိန်းခန့်ရှိသည့်အနက် (၇၀)ရာခိုင်နှုန်းမှာ ကျေးလက်နေ ပြည်သူများဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေးကို အခြေခံထားပြီး လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတကြီးမှလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းစဉ် (၈)ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူဝါဒတစ်ရပ်အဖြစ် ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းစဉ်(၈)ရပ်ကိုဒေသ အသီးသီးတွင် အကောင်အထည်ဖော် ရှမ်းပြည်နယ်တွင် အမျိုးသားကုန်ထုတ်လုပ်မှုတန်ဘိုး (ဂျီဒီပီ)ပါဝင်မှု အချိုးကို လေ့လာကြည့်မယ်ဆိုလျှင် လယ်ယာကဏ္ဍပါဝင်မှုအချိုးမှာ (၃၉.၈) ရာခိုင်နှုန်းဖြစ်ပြီး၊ ကျပ်ဘီလီယံ(၁၀၈၄ . ၁) အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်မှန်းထားသည်ကို သိရှိရပါတယ်။ ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းစဉ်(၈)ရပ်တွင် လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်သည်ကို တွေ့ရှိရပါတယ်။ နိုင်ငံတော်မှလည်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ရှမ်းပြည်နယ်တွင်လည်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်လုံးထိုးလက်တွန်းထွန်စက်များ ဝယ်ယူသုံးစွဲမှု တိုးပွားလာပြီဖြစ်ပါတယ်။ တစ်လုံးထိုးအင်ဂျင်များ လယ်ယာလုပ်ငန်းခွင်တွင် သုံးစွဲနေသလို သီးနှံထွက်ကုန်များ သယ်ယူပို့ဆောင်ရာတွင်လည်း တစ်လုံးထိုးအင်ဂျင်တပ်ဆင်ထားသော ထော်လာဂျီ အကြီး၊ အလတ်၊ အသေးများကိုသာ အားထားသုံးစွဲနေရပါတယ်။

ရှမ်းပြည်နယ်သည် မြေပြင်အနေအထားအရ တောင်ကုန်း၊ တောင်စောင်းများ ပေါ်များသဖြင့် လမ်းပန်း ဆက်သွယ်ရေးဖွံ့ဖြိုးမှုနည်းပါးနေသေးသဖြင့် ကျေးလက်ဒေသနေပြည်သူများသည် တစ်လုံးထိုး အင်ဂျင် တပ်ထော်လာဂျီအကြီး၊ အလတ်၊ အသေးများကိုသာ အားထားသုံးစွဲနေကြပြီး၊ ကျေးရွာတစ်ရွာမှ တစ်ရွာသို့ဒေသတစ်ခုမှတစ်ခုသို့ ကုန်စည်များ ပို့ဆောင်ခြင်း၊ ကျေးရွာဓလေ့အရ ကျင်းပသော ပွဲလမ်းသဘင်များ၊ သာရေးနာရေးကိစ္စများတွင် ဖော်ပြပါထော်လာဂျီများကိုသာ သုံးစွဲနေရကြောင်း သိရှိရပါတယ်။

အဆိုပါထော်လာဂျီများကို ဥပဒေတစ်ရပ်အဖြစ် ထုတ်ပြန်ပြီး တားမြစ်ပိတ်ပင်ပါက ကျေးရွာနေ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စများ အဟန့်အတားအခက်အခဲများ ဖြစ်ပေါ်လာစေ

မှာ အမှန်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်ဒေသများတွင် တစ်လုံးထိုးအင်ဂျင်တပ် ထော်လာဂျီအကြီး၊ အလတ်၊ အသေးများကို ဆက်လက်သုံးစွဲခွင့်ပြုသင့်ကြောင်း တင်ပြအပ်ပါတယ်။

မြို့ပေါ် လမ်းမကြီးမှာမူ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့လယ်လမ်းမကြီးတွင် သုံးစွဲရန် မသင့်တော်သော်လည်း မြို့အစွန်အဖျားမှာမူ အကန့်အသတ်ဖြင့် သုံးစွဲသင့်ကြောင်း သုံးသပ်ရပါတယ်။ ထို့ကြောင့် တနင်္သာရီ မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ အဆိုကို “ယခုခေတ်အခါတွင် တောရောမြို့ပါ ထော်လာဂျီ ယာဉ်အကြီး၊ အလတ်၊ အသေးပါ တွင်တွင်ကျယ်ကျယ် မောင်းလာသောကြောင့် ထော်လာဂျီ အကြီး၊ အလတ်၊ အသေးမောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်သည့် ယာဉ်မောင်း လိုင်စင်ရှိသူများသာ မောင်းခွင့်ပြုရန်၊ မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီအကြီး၊ အလတ်၊ အသေး ယာဉ်များကို ရှမ်းပြည်နယ်များအတွင်း မောင်းနှင်ခွင့်ပြုမပြုရန် စည်းကမ်းဥပဒေများကို သတ်မှတ်ပေးရန်” တင်သွင်းထားခြင်းနှင့် ပတ်သက်၍အထက်တွင် တင်ပြလာ သည့်အတိုင်း ကျေးလက်ဒေသနှင့် မြို့အစွန်အဖျားများ၌ လက်ရှိဒေသနေ ပြည်သူလူထု လိုအပ်ချက်အရ အဆိုရှင် ဦးစိုင်းထွန်းထွန်းလွင်မှ ပြန်လည်စဉ်းစားသုံးသပ်သင့်ပါကြောင်း ဖြည့်စွက်ဆွေးနွေး တင်ပြ အပ်ပါတယ် ခင်ဗျား။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။ ဩဘာသံများ

ဥက္ကဋ္ဌ။ ဤအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့ အစည်းဝင်က ရှင်းလင်းဆွေးနွေးပေးဖို့ ဖိတ်ခေါ်အပ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

တနင့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းထွန်းလွင်၏ “ယခုခေတ်အခါတွင် တောရော၊ မြို့ ပါထော်လာဂျီယာဉ် အကြီး၊ အလတ်၊ အသေးပါ တွင်တွင်ကျယ်ကျယ် မောင်းနှင်လာသောကြောင့် ထော်လာဂျီယာဉ် အကြီး၊ အလတ်၊အသေးမောင်းနှင်ရာတွင်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည် သည့် ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းနှင်ခွင့်ပြုရန် မီးခိုးထွက်များသော ယာဉ်များ ဆူညံသံ အလွန်ကျယ်သောထော်လာဂျီယာဉ် အကြီး၊ အလတ်၊ အသေးယာဉ်များကို ရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့်မပြုရန် စည်းကမ်းဥပဒေများ သတ်မှတ်ပေးရန်”ဆိုသည့် အဆိုနှင့်စပ်လျဉ်းပြီး၊ ကျွန်တော် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သူ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး မှ ဖြေကြား သွားမှာ ဖြစ်ပါတယ်။

တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းထွန်းလွင်၏ အဆိုနှင့်ပတ်သက်၍ ဖြေကြားရာတွင် မီးခိုးထွက်များသော ယာဉ်များ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီ အကြီး၊ အလတ်၊ အသေးယာဉ်များကို ရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့်မပြုရန် စည်းကမ်း ဥပဒေများ သတ်မှတ်ပေးရန်ဆိုသော အဆိုနှင့်ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ပြန်လည် ဆွေးနွေးသွားပြီ ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဆွေးနွေးခြင်း မပြုတော့ပါဘူး။

ဆက်လက်ပြီးတော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်ပြီးတော့ ဆက်လက်ပြီး ဖြေကြားရာတွင် ရှမ်းပြည်နယ်အတွင်း မေလ(၁)ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဇွန်နဝါရီလ(၃၁)ရက်နေ့အထိ ထော်လာဂျီ ယာဉ်တိုက်မှု၊တိမ်းမှောက်မှု (၅၄)မှုရှိပြီး၊ သေဆုံးသူ ကျား(၂၂)၊ မ(၃)ဦး၊ စုစုပေါင်း(၂၄)ဦး၊ ဒဏ်ရာရရှိသူ ကျား(၇၇)၊ မ(၃၁)ဦး၊ စုစုပေါင်း(၁၀၈)ဦးရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်၊ ဇွန်နဝါရီလ(၁) ရက်နေ့ကနေ ၂၀၁၂ ခုနှစ်၊ ဇွန်နဝါရီလ(၃၁)ရက်နေ့အထိ စည်းကမ်းပျက် ထော်လာဂျီ ယာဉ်များအား မော်တော်ယာဉ် နည်းဥပဒေဖြင့် အရေးယူ(၁၀၀)မှု အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး၊ မီးခိုးအလွန်အကျွံ ထွက်သော စက်သံဆူညံလွန်းသည့် ထော်လာဂျီယာဉ်များအား ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ ပို့အပ်ကာ အရေးယူဆောင်ရွက်လျှက်ရှိပါသည်။ အဆိုပါ ယာဉ်များအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးလျက်ယာဉ်နှင့် ဘရိတ်များ ကောင်းမွန်နေသည့် ပြင်ဆင်ပြီးမှသာ မောင်းနှင်သွားနိုင်ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ ယာဉ်မောင်းနှင်သည့် အသက်အပိုင်းအခြား အနေဖြင့် ( ၁၈ )နှစ်ပြည့်မှသာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ယာဉ်မောင်းလိုင်စင်ထုတ်ပေးပြီး၊ ယာဉ်မောင်းလိုင်စင်မပါရှိဘဲ မောင်းနှင်ပါက မော်တော်ယာဉ် နည်းဥပဒေပုဒ်မ-၁၅/၂၁ အရ အပြစ်ပေးအရေးယူပြီး၊ တရားရုံးမှာ ဒဏ်ငွေ(၅၀၀ိ/-)ပေးဆောင်ရန် ပြဋ္ဌာန်း သတ်မှတ်ထားပါသည်။

အဆိုပါ စည်းကမ်းပျက်ထော်လာဂျီများနှင့်ပတ်သက်၍ ယာဉ်မောင်းလိုင်စင်မပါဘဲ မောင်းနှင်သော ထော်လာဂျီယာဉ်(၈၁)မှု၊ ယာဉ်လိုင်စင်မပါ အရေးယူမှု (၆)မှု၊ မဆင်မခြင်မောင်းနှင်မှု (၁၀)မှု၊ ယာဉ်တန်းဦးစားမပေးမှု(၂)မှုနှင့် ယာဉ်ထိန်းကြီးကြပ်မှု မလိုက်နာခြင်း(၁)မှုတို့ဟာ မော်တော်ယာဉ် နည်းဥပဒေတို့ဖြင့် တရားဆွဲဆောင်ပို့နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေး စည်းကမ်းပျက်ယာဉ် များအား ဖမ်းဆီးအရေးယူဆောင်ရွက်ရေးနှင့် သတ်မှတ်ချက်နှင့် ကိုက်ညီခြင်းမရှိသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ စစ်ဆေးအရေးယူ ဆောင်ရွက်နိုင်ရေးတို့အတွက် ရှမ်းပြည်နယ်ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်

ထိန်းဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းပြီးတော့ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး ဟောပြောခြင်း။ စည်းကမ်းပျက်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ ဆပလိုင်းချက်များ ပြုလုပ်စစ်ဆေးခြင်း၊ ယာဉ်တိုက်မှုများ လျော့ချနိုင်ရေးအတွက် ဘုတ်ဆိုင်းများ တပ်ဆင်ခြင်း၊ Slow Down များ ပြုလုပ်ခြင်း၊ ဒစ်ဂျစ်တယ်မီးပွိုင့်များ တပ်ဆင်ခြင်း၊ မြို့ပေါ်တွင် ကားဖြင့်လှည့်လည်၍ မောက်စပီကာများဖြင့် ယာဉ်တိုက်မှုဖြစ်ပွားရသည့် အကြောင်းအရင်းများ အသိပေးကြေညာခြင်း၊ မီးပွိုင့်များတွင် ဟဲစပီကာများဖြင့် မောင်းနှင်ရသည့် ယာဉ်ကြောများကို အသိပေးကြေညာခြင်း၊ လူစည်ကားရာ နေရာများတွင် ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်းများ အသိပေးယာဉ်ဘုတ်ဆိုင်းများ စိုက်ထူခြင်းတို့ ဆောင်ရွက်ပေးလျှက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်ပြီး၊ ရှမ်းပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် လမ်းညွှန်မှုဖြင့် စည်းကမ်းမဲ့သွားလာသော ထော်လာဂျီယာဉ်များအား အရေးယူဆောင်ရွက်ခြင်း၊ မြို့ပေါ်နှင့် ကျေးလက်မကျန် ပညာပေးဟောပြော ခြင်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ဥပဒေတရားရေးဌာနများနှင့် ပူးပေါင်းကြီးကြပ်ဆောင်ရွက်လျက် ရှိနေပါသော ကြောင့် ယင်းအဆိုကို အတည်ပြုရန် မသင့်ပါကြောင်းနှင့် အဆိုနှင့်ပတ်သက်၍ ပြန်လည်ရုပ်သိမ်းသင့်ပါ ကြောင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ ဩဘာသံများ ]

ဥက္ကဋ္ဌ ။ ဒီဆိုနှင့်ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးသွားသလို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်ကလည်းဘဲ ရှင်းလင်းပြောကြားပြီး၊ ဒီအဆိုကို ရုပ်သိမ်းဖို့အတွက် ဆွေးနွေး သွားပါတယ်။ ဒါ့ကြောင့်မို့လို့ ဦးစိုင်းထွန်းထွန်းလွင်အနေနဲ့ ထပ်မံတင်ပြဖို့ရှိရင် တင်ပြဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းထွန်းလွင်(တန့်ယန်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဦးစိုင်းထွန်းထွန်းလွင်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တင်ပြခဲ့သည့် ထော်လာဂျီ ကိစ္စ အဆိုကို ရှမ်းပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ထားပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဒီအဆိုနှင့်ပတ်သက်လို့ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းက ဒီအဆိုကို ပြန်လည် ရုပ်သိမ်းပေးဖို့အတွက် ဆွေးနွေးသွားပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့်ပတ်သက်လို့ ထပ်မံပြီးတော့မှ ဆွေးနွေးဖို့ရှိတယ်ဆိုရင် ဆွေးနွေးပေးပါ။ ဦးစိုင်းထွန်းထွန်းလွင် ကိုယ်တိုင်ဆွေးနွေးပေးပါ။

ဦးစိုင်းထွန်းထွန်းလွင်(တန့်ယန်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဦးစိုင်းထွန်းထွန်းလွင်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တင်ပြခဲ့သည့် ထော်လာဂျီ ကိစ္စအဆိုကို ရုပ်သိမ်းကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းထွန်းထွန်းလွင်၊ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ယခုခေတ်အခါတွင် တောရော၊ မြို့ပါ ထော်လာဂျီ ယာဉ်အကြီး၊ အလတ်၊ အသေးပါ တွင်တွင်ကျယ်ကျယ်မောင်းလာသောကြောင့် ထော်လာဂျီ အကြီး၊ အလတ်၊ အသေး မောင်းနှင် ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်သည့် ယာဉ်မောင်းလိုင်စင်ရှိသူများသာ မောင်းခွင့်ပြု ရန်၊ မီးခိုးထွက်များသော ယာဉ်များ၊ ဆူညံသံအလွန်ကျယ်သော ထော်လာဂျီအကြီး၊ အလတ်၊ အသေးယာဉ်များကို ရှမ်းပြည်နယ်အတွင်း မောင်းနှင်ခွင့်ပြုမပြုရန် စည်းကမ်းဥပဒေများကို သတ်မှတ်ပေး ရန် " အဆိုနှင့်ပတ်သက်လို့ ဦးစိုင်းထွန်းထွန်းလွင် ကိုယ်တိုင်ဒီအဆိုကို ရုပ်သိမ်းရန် တင်ပြလာတဲ့အတွက် ဒီအဆိုကို ရုပ်သိမ်းကြောင်း ကြေညာပါတယ်။ [ သြဘာသံများ ]